## သတင်းထုတ်ပြန်ချက်

### SHELL မှ မြန်မာနိုင်ငံအတွက် သဘာဝဓါတ်ငွေ့သိုလှောင်ရုံ ဆောက်လုပ်ပေးသွားရန် နှင့် သဘာဝ ဓါတ်ငွေ့ရည်များကိုလည်း ရောင်းချပေးသွားရန်အတွက် သဘောတူညီချက်လက်မှတ်ရေးထိုး

Shell သည် Italian-Thai Development Public Company limited (ITD)၊ LNG Plus International company limited (LNGP) တို့နှင့် ပူးပေါင်းကာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်းရှိ ထားဝယ် အထူးစီးပွားရေးဇုန် (DSEZ) တွင် သဘာဓါတ်ငွေ့လက်ခံအဆောက်အအုံနှင့် ဓါတ်ငွေ့အဖြစ် ပြန်လည် ထုတ်လုပ်ရေး စီမံချက်အတွက် အပြန်အလှန်စည်းကမ်းချက်များပါဝင်သည့် ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

Shell ၏ ကမ္ဘာလုံးဆိုင်ရာ သဘာဝဓါတ်ငွေ့ရည်ထုတ်လုပ်သည့်လုပ်ငန်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ Roger Bounds မှ “ကျွန်တော်တို့အနေနဲ့ ဒီသဘောတူညီချက်နဲ့ ပတ်သက်ပြီးအလွန်ပဲ ကျေနပ် ဝမ်းမြောက်ဖြစ်ရပါတယ်။ ဒီအခွင့်အလမ်းကနေ Shell နဲ့ မိတ်ဖက်ကုမ္ပဏီတွေရဲ့ သဘာဝဓါတ်ငွေ့ရည် ထုတ်လုပ်တာနဲ့ပတ်သက်ပြီး ကမ္ဘာအနှံ့ကရခဲ့တဲ့ လုပ်ငန်းအတွေ့အကြုံတွေကို မြန်မာနိုင်ငံကို ယူဆောင်လာပြီး နိုင်ငံရဲ့တိုးတက်လိုအပ်နေတဲ့ စွမ်းအင်ထုတ်လုပ်မှု ဖြည့်ဆည်းရာမှာကူညီဖြည့် ဆည်းသွားပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။” ဟု ပြောကြားသွားပါသည်။

ယခုသဘောတူညီချက်အရ SHELL သည် ဓါတ်ငွေ့ရည်လက်ခံအဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်သည့် နည်းပညာ အကူအညီများပေးသွားမည်ဖြစ်သည်။ ထို့အပြင် SHELL သည် ဓါတ်ငွေ့ရည်လက်ခံအဆောက်အအုံ ကိုအသုံးပြုခွင့် ရရှိမည်ဖြစ်သလို ထားဝယ် အထူးစီးပွားရေးဇုန်ရှိ သုံးစွဲသူများထံသို့လည်း သဘာဝဓါတ်ငွေ့ရည်များ ရောင်းချပေး သွား နိုင်မည်ဖြစ်ပါသည်။

Shell သည် ထားဝယ်တွင် သဘာဝဓါတ်ငွေ့လက်ခံဆိပ်ကမ်း ဆောက်လုပ်ရေးတွင် အကူအညီ ပေးသွားနိုင်ရန်အတွက်နှင့် သဘာဝဓါတ်ငွေ့ရည်များကို ထားဝယ်အထူးစီးပွားရေးစက်မှုဇုန်နှင့် မြန်မာနိုင်ငံအတွင်း အလားအလာရှိသည့် ဒေသများသို့ ရောင်းချသွားရန်ကိုလည်း မျှော်လင့်နေပါသည်။

Established at The Hague: Carel van Bylandtlaan 30
Commercial Register, The Hague 27155369

ကျောက်ဖြစ်ရုပ်ကြွင်းများမှ ရရှိသည့် လောင်စာများအနက် အသန့်စင်ဆုံးဖြစ်သည့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးမှုသည် နိုင်ငံ၏တိုးတက်လိုအပ်လာနေသော လောင်စာစွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

**Shell အကြောင်း**

Shell သည် သဘာဝဓါတ်ငွေ့ရည်အပါအဝင်ဖြစ်သော ပေါင်းစည်းထားသည့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်ရေးကို ဦးဆောင်တီထွင်ခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါသည်။ သဘာဝဓါတ်ငွေ့ရည်ထုတ်လုပ်ခြင်းတွင် နှစ်ပေါင်း ၅၀ မျှ အတွေ့အကြုံရှိခဲ့ပြီလည်းဖြစ်ပါသည်။ SHELL သည် သဘာဝဓါတ်ငွေ့ ရည်အမျိုးမျိုး ကို ထုတ်လုပ်နိုင်စွမ်းရှိပါသလို အာရှပစိဖိတ်ဒေသနှင့် မြောက်အမေရိကဒေသကြီးများရှိ မဟာဗျူဟာကျ သော ဈေးကွက် များကိုလည်းပိုင်ဆိုင်ထားပါသည်။ ထို့အပြင် SHELL သည် တီထွင်မှုပိုင်းဆိုင်ရာ၊ နည်းပညာ ပိုင်းဆိုင်ရာနှင့် လုံခြုံစိတ်ချရမှုတို့တွင် ကာလရှည်ကြာစွာပင် မှတ်တမ်းကောင်းများရှိထားပါသည်။ ပိုမိုသိရှိလို ပါက www.shell.com/lng တွင် ကြည့်ရှုနိုင်ပါသည်။

**ITD အကြောင်း**

Italian Thai Development (ITD) သည် ထိုင်းနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများဆောက်လုပ်ရေးတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းများအနက် အကြီးဆုံးသောလုပ်ငန်း တစ်ခုဖြစ်ပါသည်။ပိုမိုသိရှိလိုပါက www.itd.co.th တွင် ကြည့်ရှုနိုင်ပါသည်။

**LNG Plus အကြောင်း**

LNG Plus International company limited (LNGP) သည် ထိုင်းနိုင်ငံအခြေစိုက် စွမ်းအင်လောင်စာထုတ်လုပ်ရေးလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်ပြီး သန့်ရှင်းပြီး စီးပွားရေးအရ တွက်ခြေ ကိုက်သောလောင်စာစွမ်းအင်ကိုထုတ်လုပ်ဖြန့်ဖြူးသွားရန်၊ စွမ်းအင်ဆိုင်ရာနည်းစနစ်များကို အာဆီယံ ဒေသနှင့် ထိုင်းနိုင်ငံတို့ရှိ အသုံးပြုသူများထံ ပို့ဆောင်သွားရန် ရည်မှန်းလုပ်ဆောင်နေပါသည်။ ပိုမိုသိရှိလိုပါက www.lngplusinternational.com တွင် ကြည့်ရှုနိုင်ပါသည်။

ဖော်ပြပါလိပ်စာများအတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

Christine Shapiro

christine.shapiro@todayogilvy.com
+95 92 5427 4620

Cindy Lopez
Head, Asia-Pacific Media Relations
+6 012 282 1765

Mich Villar
Shell Spokesperson, Asia-Pacific
+63 9175366424

Sonia Meyer
Shell Spokesperson, Asia-Pacific
+65 8499 4837

**Royal Dutch Shell plc**

Royal Dutch Shell plc ကို အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့မှာ ပေါင်းစည်းတည်ထောင်ခဲ့ကာ ရုံးချုပ်မှာ နယ်သာလန်နိုင်ငံ၊ Hague မြို့တွင်တည်ရှိပြီး လန်ဒန်စတော့အိတ်ချိန်း၊ အမ်စတာဒမ်စတော့အိတ်ချိန်းနှင့် နယူးယောက်စတော့အိတ်ချိန်းတို့တွင် စာရင်းသွင်းမှတ်ပုံတင်ထားပါသည်။ Shell ၏ ကုမ္ပဏီများသည် နိုင်ငံများနှင့် နယ်မြေဒေသ ၇၀ ကျော်တွင် လုပ်ကိုင်လည်ပတ်လျက်ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ တူဖော်ထုတ်လုပ်ရေး၊ သဘာဝဓာတ်ငွေ့အရည်များကို ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ခြင်း၊ သဘာဝဓာတ်ငွေ့၊ သို့မဟုတ် ဟိုက်ဒရိုကာဗွန်တို့ကို ဓာတ်ဆီနှင့် ဒီဇယ် စသည့်လောင်စာများအဖြစ် သန့်စင်ထုတ်လုပ်ခြင်း(gas to liquids) ၊ ရေနံထုတ်ကုန်များ၊ ဓာတုပစ္စည်းများကို ထုတ်လုပ်ဈေးကွက်တင်ပြီး ရေကြောင်းဖြင့်တင်ပို့ခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများအပါအဝင် လုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိပါသည်။ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက www.shell.com ၌ ဝင်ရောက်လေ့လာနိုင်ပါသည်။

**သတိပြုရန်အချက်**

Royal Dutch Shell plc က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများပိုင်ဆိုင်သည့် ကုမ္ပဏီများသည် သီးခြားရပ်တည်နေသည့် ကုမ္ပဏီများဖြစ်ပါသည်။ ယခုထုတ်ပြန်ချက်တွင် "Shell", Shell group" နှင့် "Royal Dutch Shell" စသည့်စကားလုံးများကို အဆင်ပြေသလို ရံဖန်ရံခါအသုံးပြုထားပြီး Royal Dutch Shell plc နှင့် ယေဘုယျအားဖြင့် ယင်း၏

လက်အောက်ခံကုမ္ပဏီများကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အလားတူပင် "ကျွန်တော်တို့" ၊ "ကျွန်တော်တို့ကို"၊ "ကျွန်တော်တို့ရဲ့" စသည့် စကားလုံးများကိုလည်း ယေဘုယျအားဖြင့် ကုမ္ပဏီခွဲများ၊ သို့မဟုတ် အဆိုပါကုမ္ပဏီများတွင် အလုပ်လုပ်နေသူတို့ကို ရည်ညွှန်းပါသည်။ ကုမ္ပဏီ၊ သို့မဟုတ် ကုမ္ပဏီများကို မည်သည့်ကုမ္ပဏီဖြစ်ကြောင်း သီးခြားသတ်မှတ်ဖော်ပြသော်လည်း အကြောင်းမထူးသည့် နေရာများတွင် အသုံးပြုသည့်အခါ၌လည်း အဆိုပါဖော်ပြချက်များကို အသုံးပြုပါသည်။ ဤထုတ်ပြန်ချက်တွင်ပါဝင်သည့် "ကုမ္ပဏီခွဲများ" ၊ "Shell ကုမ္ပဏီခွဲများ"နှင့် "Shell ကုမ္ပဏီများ" စသည့် အသုံးအနှုန်းများသည် Royal Dutch Shell plc က တိုက်ရိုက်သော်လည်းကောင်း၊ သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်ခွင့်ရှိနေသည့် ကုမ္ပဏီများကို ရည်ညွှန်းပါသည်။ Shell က ပူးတွဲထိန်းချုပ်ခွင့်ရရှိထားသည့်ကုမ္ပဏီများကို ယေဘုယျအားဖြင့် "joint ventures" ဟု ရည်ညွှန်းပြီး Shell က အရေးပါသည့်လွှမ်းမိုးမှုရှိနေသော်လည်း ထိန်းချုပ်ခွင့်၊ သို့မဟုတ် ပူးတွဲထိန်းချုပ်ပိုင်ခွင့်မရှိသည့် ကုမ္ပဏီများကိုတော့ "associates" ဟု ရည်ညွှန်းပါသည်။ ဤထုတ်ပြန်ချက်တွင် joint ventures နှင့် associates တို့ကို equity အဖြစ်သတ်မှတ်သည့်ရင်းနှီးမြှုပ်နှံမှုများအဖြစ်လည်း ရည်ညွှန်းနိုင်သည်။ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့်သူများ၏ အကျိုးအမြတ်အားလုံးကို ချန်လှပ်ထားပြီးနောက် လုပ်ငန်းအသစ်၊ ဖက်စပ်လုပ်ငန်း၊ သို့မဟုတ် ကုမ္ပဏီတစ်ခုတွင် Shell က တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်ထိန်းချုပ်ထားသည့် ပိုင်ရှင်အကျိုးအမြတ်ကို ဖော်ညွှန်းရာ၌ "Shell interest" ဟူသည့် ဝေါဟာရကို အဆင်ပြေသလို အသုံးပြုပါသည်။

ဤထုတ်ပြန်ချက်တွင် Royal Dutch Shell လက်အောက်ရှိ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းများ၏ရလဒ်များနှင့်သက်ဆိုင်သည့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ ပါဝင်ပါသည်။ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များမှအပ ကျန်ထုတ်ပြန်ချက်အားလုံးသည် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များဖြစ်သည်၊ သို့မဟုတ် ယူဆနိုင်ပါသည်။ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များသည် စီမံခန့်အုပ်ချုပ်မှုအဖွဲ့၏ လက်ရှိမျှော်မှန်းချက်များနှင့် ယူဆချက်များအပေါ်တွင် အခြေပြုထားသည့် အနာဂတ်ခန့်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်များဖြစ်သည်။ ထို့အပြင် ဤထုတ်ပြန်ချက်များတွင် ဖော်ပြညွှန်းဆိုထားသည့် အကြောင်းအရာများနှင့် သိသိသာသာ မတူညီသည့် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့်ရလဒ်များ၊ လုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များကို ဖြစ်ပေါ်စေနိုင်သော သိရှိပြီးသား စွန့်စားရမည့်အန္တရာယ်များနှင့် ကြိုတင်မသိနိုင်သော စွန့်စားရမည့်အန္တရာယ်များ၊ မသေချာမရေရာမှုများလည်း ပါဝင်ပါသည်။ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်များတွင် အခြားအကြောင်းအရာများ အပြင်Royal Dutch Shell အနေဖြင့် ကြုံတွေ့ရနိုင်ဖွယ်ရှိသည့် ဈေးကွက်ဆိုင်ရာ စွန့်စားရမည့်ကိစ္စများနှင့် စီမံခန့်ခွဲမှုအဖွဲ့၏ မျှော်မှန်းချက်များ၊ ယုံကြည်ချက်များ၊ ထင်မြင်ချက်များ၊ ကြိုတင်ခန့်မှန်းချက်များနှင့် ယူဆချက်များလည်း ပါဝင်ပါသည်။ အဆိုပါအနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များကို "ကြိုတင်မျှော်မှန်းသည်" ၊ "ယုံကြည်သည်" ၊ "ဖြစ်နိုင်သည်" ၊ "ခန့်မှန်းသည်" ၊ "မျှော်လင့်သည်" ၊ "ပန်းတိုင်များ" ၊ "ရည်ရွယ်သည်" ၊ "ဖြစ်နိုင်ဖွယ်ရှိသည်" ၊ "ရည်မှန်းချက်များ" ၊ "အလားအလာ" ၊ "စီမံချက်" ၊ "ဖြစ်နိုင်ဖွယ်" ၊ "စီမံကိန်း" ၊ "စွန့်စားရမည့်ကိစ္စများ" ၊ " လုပ်ငန်းစဉ်" ၊

"ကြိုးပမ်းသည်" ၊ "ဖြစ်သင့်/လုပ်သင့်သည်" ၊ "ပစ်မှတ်" ၊ " ဖြစ်လိမ့်မည်" စသည့် စကားလုံး အသုံးအနှုန်းများအပြင် အလားတူ ဝေါဟာရအသုံးအနှုန်းများဖြင့် သတ်မှတ်ဖော်ပြထားပါသည်။

Royal Dutch Shell ၏ အနာဂတ်လုပ်ငန်းစဉ်များအပေါ် အကျိုးသက်ရောက်နိုင်ဖွယ်ရှိပြီး အနာဂတ်မျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်များတွင် ဖော်ပြထားသော အကြောင်းအရာများနှင့် သိသိသာသာ ကွဲပြားခြားနားသည့် ရလဒ်များကိုဖြစ်ပေါ်စေနိုင်သော အကြောင်းအရင်းများလည်း ယခုထုတ်ပြန်ချက်တွင် ပါဝင်ပါသည်။ အဆိုပါအကြောင်းအရင်းများတွင် (ကန့်သတ်ချက်မရှိ) (၁) ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းအတက်အကျ၊ (၂) Shell ထုတ်ကုန်များ၏ဝယ်လိုအားတွင် ဖြစ်ပေါ်သောအပြောင်းအလဲများ၊ (၃) ငွေကြေးတန်ဖိုးအတက်အကျ၊ (၄) တူးဖော်မှုနှင့် ထုတ်လုပ်မှုရလဒ် များ၊ (၅) အရန်စွမ်းအင်အရင်းအမြစ်ခန့်မှန်းချက်များ၊ (၆) ဈေးကွက်ဝေစုဆုံးရှုံးမှုနှင့် လုပ်ငန်းယှဉ်ပြိုင်မှု (၇) သဘာဝပတ်ဝန်းကျင်နှင့် ရုပ်ပိုင်းဆိုင်ရာ စွန့်စားရမည့်အန္တရာယ်များ၊ (၈) သင့်လျော်မှုရှိပြီး ရယူပိုင်ဆိုင်နိုင်ရန် အလားအလာရှိသော အိမ်ရာမြေပိုင်ဆိုင်မှုများနှင့် ပစ်မှတ်များ၏ နောက်ခံသမိုင်း ကြောင်းကိုဖော် ထုတ်ခြင်းနှင့် ထိုကဲ့သို့သော အရောင်းအဝယ်လုပ်ငန်းကိစ္စများကို အောင်မြင်စွာညှိနှိုင်းပြီး အပြီးသတ်ဆောင် ရွက်ခြင်း စသည့်ကိစ္စရပ်များနှင့် ဆက်နွယ်လျက်ရှိသော စွန့်စားရမည့်အန္တရာယ်များ၊ (၉) ဖွံ့ဖြိုးဆဲနိုင်ငံ များနှင့် နိုင်ငံတကာက အရေးယူပိတ်ဆို့ထားခြင်းခံနေရသည့်နိုင်ငံများတွင် လုပ်ငန်းလုပ်ကိုင်ခြင်း၏ စွန့်စားရမည့် အန္တရာယ်များ၊ (၁၀) စည်းမျဉ်းစည်းကမ်းဆိုင်ရာ တိုင်းတာသတ်မှတ်ချက်များအပါ အဝင် ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်သည့် ဥပဒေဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စည်းမျဉ်းထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ (၁၁) အမျိုးမျိုးသောနိုင်ငံများနှင့် ဒေသများရှိ စီးပွားရေးနှင့် ဘဏ္ဍာရေးဈေးကွက်ဆိုင်ရာအခြေအနေများ၊ (၁၂) အစိုးရအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသည့် စာချုပ်များတွင်ပါဝင်သော သဘောတူသတ်မှတ်ချက်များအား ပြန်လည်ညှိနှိုင်းခြင်းနှင့် မြေယာသိမ်းယူမှုဆိုင်ရာ စွန့်စားရမည့်ကိစ္စများ၊ စီမံကိန်းတွင် အတည်ပြုထားသည့် သဘောတူညီချက်များ အပိုင်းတွင် နှောင့်နှေးကြန့်ကြာမှုများ၊ သို့မဟုတ် တိုးတက်မှုများ၊ နှစ်ဦးနှစ်ဖက်မျှဝေကုန်ကျစရိတ်များ ပြန်လည်ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများ စသည့်အချက်များအပါဝင် နိုင်ငံရေးဆိုင်ရာ စွန့်စားရမည့် အန္တရာယ်များနှင့် ကုန်သွယ်ရေးဆိုင်ရာအခြေအနေအပြောင်းအလဲများ စသည့် အကြောင်းအရင်းများ ပါဝင်ပါ သည်။

ဤထုတ်ပြန်ချက်တွင်ပါဝင်သော အနာဂတ်မျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်အားလုံးသည် ဒီကဏ္ဍတွင် ပါဝင်ညွှန်းဆိုထားသည့် သတိပြုရန်အချက်များအရ သေချာတိကျ ပြည့်စုံမှုရှိပါသည်။ ဖတ်ရှုသူများအနေဖြင့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်များအပေါ် ဖော်ပြထားသည်ထက် လွန်ကဲစွာ မှီခိုအားထားခြင်း မပြုသင့်ပါ။ အနာဂတ်ရလဒ်များအပေါ် အကျိုးသက်ရောက်နိုင်ဖွယ်ရှိသည့် နောက်ထပ် စွန့်စားရ မည့်အကြောင်းအရင်းများသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင်အဆုံးသတ်သည့် နှစ်အတွက်ထုတ်ပြန်ထားသည့် Royal Dutch Shell ၏ 20-F ပုံစံတွင် ပါဝင်ပါသည် (www.shell.com/investor and www.sec.gov တွင် ဖတ်ရှုနိုင်ပါသည်) ။

ဤထုတ်ပြန်ချက်တွေပါဝင်သည့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်ကြေညာချက်အားလုံးသည် သေချာတိကျမှုရှိပြီး ဖတ်ရှုသူများ အနေဖြင့် အဆိုပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေငြာချက် တစ်ခုစီတိုင်းသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်၂၉ရက်နေ့ အထိသာ အကျုံးဝင်ပါသည်။ မည့်သည့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များကိုမဆို သတင်းအချက်အလက်အသစ်များ၊ အနာဂတ်အဖြစ်အပျက်များ၊ သို့မဟုတ် အခြားသတင်းအချက်အလက်များသဘောမျိုးဖြင့် မွမ်းမံပြင်ဆင်ပြီး ပြည်သူလူထုအားထုတ်ပြန်ခြင်းကို Royal Dutch Shell plc ၊ သို့မဟုတ် Royal Dutch Shell plc ၏ အခြား မည်သည့် လက်အောက်ခံကုမ္ပဏီကမှ တာဝန်ယူဖြေရှင်းမည် မဟုတ်ပါ။ အဆိုပါ စွန့်စားမည့်ကိစ္စများအရ ထွက်ပေါ်လာမည့်ရလဒ်များသည် ဤထုတ်ပြန်ချက်တွင် ပါဝင်သော အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေငြာချက်များမှ ဖော်ပြညွှန်းဆိုချက်များနှင့် သိသိသာသာ ကွဲပြားနိုင်ပါသည်။ ဤထုတ်ပြန်ချက်တွင် အမေရိကန် Securities and Exchange Commision(SEC) က SEC အား အမှုတွဲများတင်သွင်းရာတွင် ထည့်ဝင်သွင်းခြင်းမပြုရန် တင်းကျပ်စွာတား မြစ်ထားသည့် အရင်းအမြစ်များ(resources) ကဲ့သို့သော ဝေါဟာများကို ကျွန်ုပ်တို့အနေဖြင့် သုံးစွဲထားမိသည်မျိုး ဖြစ်နိုင်ပါသည်။ SEC website www.sec.gov တွင်ရရှိနိုင်သည့် Form 20-F, File No 1-32575 တွင် ဖော်ပြထားသည့်အချက်များကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သေသေချာချာ ထည့်သွင်းစဉ်စားသင့်ကြောင်း တိုက်တွန်းထားပါသည်။ အဆိုပါ Form များကို 1-800-SEC-0330 သို့ခေါ်ဆိုပြီး SEC ထံမှ ရယူနိုင်ပါသည်။